Government of Western Australia
Department of Health
Public Health and Clinical Services



# ဂနိုဆီးပူညောင်းကျလိင်ကူးစက်ရောဂါ

ဤပုံနှိပ်ထုတ်ဝေမှုတွင်ပါသောအချက်အလက်များတိကျမှန်ကန်ရန်အတွက်အစွမ်းကုန်ဆောင်ရွက်ထားသော်လည်း၊ဆေးပညာရှင်များ၏ အ ကြံ ဉာဏ်ကိုအစားမထိုးနိုင်ပါ။ သင့်ကျန်းမာရေးအတွက် စိုးရိမ်မှုများရှိလျှင် ကျန်းမာရေးပညာရှင်တစ်ဦးကို သွားတွေ့ပါ။ သင်နောက်ထပ် အချက်အလက်များ ရနိုင်သည့်နေရာများစာရင်းကို အောက်တွင်ထည့်သွင်းထားပါသည်။

## ဂိုနိညောင်းကျရောဂါ ဆိုတာဘာလဲ။

ဂိုနိရီးယား(ဂိုနိညောင်းကျ)ကို နိက်ဆီရီယာဂိုနိရီရေး ဆိုသည့် ဘက်တီးရီးယားပိုးကဖြစ်စေပါသည်။

## ကျွန်ုပ်ဘယ်လိုဂိုနိညောင်းကျရောဂါ ရနိုင်သလဲ။

ဂိုနိညောင်းကျကိုရောဂါပိုးရှိသူနှင့် ကာကွယ်မှုမရှိဘဲ၊ မိန်းမအင်္ဂါဇာတ်၊ ပါးစပ်သို့မဟုတ် စအိုတို့ဖြင့် လိင်ဆက်ဆံရာမှ ကူးစက်ရရှိပါ သည်။ ရောဂါရှိသည့် အမေထံမှ ကလေးမွေးနေစဉ်သူမ၏ကလေးငယ်သို့ ကူးစက်နိုင်ပြီး ကလေးတွင်မျက်စေ့ကန်းစေနိုင်ပါသည်။

## ဂိုနိညောင်းကျ၏ လက္ခဏာ နှင့် ရောဂါအထောက်အထား များမှာ ဘာတွေလဲ။

ယောကျာ်းအများဆုံးတွင် ရောဂါပိုးကူးပြီး တစ်ပါတ်အတွင်းတွင် လိင်တံမှ အဝါရောင်အရည်ကျပြီး၊ ဆီးသွားနေစဉ် ပူလောင်ခြင်းကို ခံစားရပါသည်။

မိန်းမအများဆုံးမှာ လက္ခဏာများ လုံးဝမပြပါ။ အချို့တွင် မိန်းမအင်္ဂါဇာတ်မှ ဖြစ်လေ့မရှိသော အရည်ဆင်းပြီး ဆီးသွားစဉ် နာကျင် ကြသည်။ အကယ်၍ ယင်းရောဂါပိုးသည် သားအိမ်နှင့်(သားဉများကိုသားအိမ်သို့သယ်ယူသည့်)သားအိမ်ဉပြွန်များသို့ ပြန့်သွားလျှင်၊ ဝမ်းဗိုက် အောက် ပိုင်းနာကျင်ခြင်း သို့မဟုတ် လိင်ဆက်ဆံစဉ် နာကျင်ခြင်းတို့ကို ဖြစ်စေနိုင်သည်။

ယောကျာ်းများနှင့် မိန်းမများတို့တွင် အထူးသဖြင့်ပါးစပ် သို့မဟုတ် စအိုမှလိင်ဆက်ခံပြီး၍ လည်ချောင်းနာခြင်း သို့မဟုတ် စအိုမှအရည်ကျခြင်း တို့သည်လည်း ဂိုနိညောင်းကျလက္ခဏာများဖြစ်နိုင်ပါသည်။

စောစောတွေ့ရှိပြီး ကုသမှုမရှိခဲ့လျှင်၊ ယောကျာ်းများနှင့် မိန်းမများနှစ်ဦးလုံးတွင်မြုံခြင်း(သားသမီးမရရှိနိုင်ခြင်း) ဖြစ်စေနိုင်သည်။ ဖြစ်လေ့မရှိ လှသောမကျန်းမာမှုများ၌၊ ယင်းရောဂါပိုးသည် အဆစ်များ၊ နှလုံးနှင့် ဦးနှောက်သို့ ပြန့်သွားပြီး၊ ရာသက်ပန် ပျက်စီးသွားစေမှု သို့မဟုတ် သေဆုံးမှုတို့ကို ဖြစ်စေနိုင်ပါသည်။

## ကျွန်ုပ်မှာ ဂိုနိညောင်းကျရှိမှန်း ဘယ်လိုသိနိုင်သလဲ။

သင့်ဆရာဝန်ကသင့်ဆီးနှင့်ရောဂါပိုးရှိနေနိုင်သည့်နေရာများမှအရည်ကိုသုတ်ယူပါမည်။ယင်းနမူနာများကိုဓါတ်ခွဲခန်းမှာစစ်ဆေးပါ လိမ့်မည်။

## ကျွန်ုပ်မှာ ဂိုနိညောင်းကျရှိပြီဆိုလျှင် ဘာလုပ်ရမလဲ။

သင့်မှာ ဂိုနိညောင်းကျရှိနေနိုင်သည်ဟုထင်လျှင်၊ သင့်မိသားစုဆရာဝန်သို့မဟုတ် သွားလိုသူဆရာဝန်တစ်ဦးထံ အမြန်ဆုံးသွားတွေ့ပါ။ ရောဂါတွေ့ရှိပြီဟုသေချာလျှင်၊ ဆေးကုသမှုကာလမပြီးမချင်း၊ လိင်ဆက်ဆံမှုမလုပ်ပါနှင့်။ကလျမီဒီးရာ၊ ဆစ်ဖလစ်စ်နှင့် ဟိတ်ချ်အိုင်ဗီ ကဲ့သို့ သော အခြားလိင်ဆက်ဆံမှုဖြင့် ကူးသည့်ရောဂါပိုးများ (အက်စ်တီအိုင်)ကို တချိန်တည်းတွင် စစ်ဆေးလျှင် ကောင်းပါသည်။ သင်၌ ဂိုနိ ညောင်းကျရှိသည်ဆိုလျှင်၊ သင်နှင့် လိင်ဆက်ဆံသူအားလုံးလည်း စစ်ဆေးကြည့်ရန်လိုပါသည်။ယင်းသို့ပြုလုပ်မှုကို တစ်ဦးစီ၏ ကိုယ်တွင်းရေးမ ပေါက်ကြားပဲဖြစ်ရန် ဂရုပြုပေးပါသည်။

# ဂနိုဆီးပူညောင်းကျလိင်ကူးစက်ရောဂါ

## ကျွန်ုပ်ကို ဘယ်လိုဆေးကုမှာလဲ။

ဂိုနိုညောင်းကျကို ပဋိဇီဝဆေးများဖြင့် ကုစားပါသည်။ ဆေးကုသမှုသည်သင်ရောဂါပိုးကို အခြားတိုင်း သို့မဟုတ် မည်သည့်နိုင်ငံခြား တိုင်းပြည်များမှရခဲ့သည့်အပေါ်တည်၍ကွဲပြားပါသည်။ဆေးကုစားပြီးနောက်၊ သေချာပေါက်ပျောက်ကင်းမှုရှိမရှိသိရန်၊ ထပ်မံသွေးစစ်ဖို့ လိုအပ်ပါသည်။ ဆေးကုသမှုကာလမပြီးမချင်း နှင့် နောက်ထပ် ဓါတ် ခွဲစစ်ဆေးမှုအရပျောက်ကင်းပြီဆိုသည့်အဖြေမရမီ၊ ကွန်ဒုံးသုံး၍ သော်ဖြင့်၊ လိင်ဆက်ဆံမှုမလုပ်ပါနှင့်။

## ဂိုနိုညောင်းကျကို ဖြစ်နိုင်ခြေချေနည်းဖို့ ကျွန်ုပ်ဘာလုပ်ရမလဲ။

အောက်ပါနည်းလမ်းများဖြင့် ဂိုနိုညောင်းကျ နှင့် အခြားအက်စ်တီအိုင်များကို စိတ်အချရဆုံး ကာကွယ်နိုင်ပါသည်။

- အမြဲတမ်းကွန်ဒုံးများ နှင့် ရေအခြေခံသည့်ချောဆီကိုသုံးပါ။ ကွန်ဒုံးတို့သည် ဂိုနိုညောင်းကျ နှင့် အခြားအက်စ်တီအိုင် များမဖြစ်ရန်၊ သင့်ကို အကောင်းဆုံး ကာကွယ်သည့်နည်းလမ်းဖြစ်ပါသည်။ သင့်လိင်ကြင်ဖော်ဖက်တွင် အက်စ်တီအိုင် တစ်မျိုးမျိုးမရှိမှန်းသိသည့် အချိန်အထိသုံးပါ။ ပါးစပ်ဖြင့် လိင်ဆက်ဆံလျှင်ပါးစပ်တွင်းအရည်ခံအကာကို သုံးပါ။
- သင်တို့နှစ်ယောက်လုံး၌ ဤရောဂါမရှိလျှင် နှင့် နှစ်ယောက်စလုံး၌အခြားလိင်ကြင်ဖော်ဖက်များမရှိလျှင်၊ ထိုသူနှင့် ရေရှည်ပေါင်း သင်းပါ။
- လိင်ကြင်ဖော်ဖက်များကို သတ်မှတ်ပါ၊ လူနည်းနည်းနှင့် လိင်ဆက်ဆံသည်နှင့်အမျှ ဂိုနိုညောင်းကျရှိသူနှင့် လိင်ဆက်ဆံမိမှုဖြစ်ခြင်း နည်းမည်ဖြစ်သည်။
- အက်စ်တီအိုင် စစ်ဆေးမှုများကို မှန်မှန်လုပ်ပါ။

အက်စ်တီအိုင်အကြောင်းပြောရသည်မှာ မလွယ်ပါ၊ သို့သော်လည်း သင့်၌ အက်စီအိုင်ရှိနေလျှင်၊ သင်နှင့် လိင်ဆက်ဆံသည့်သူ၌ သိခွင့်ရှိ သင့်ပါသည်။ သင်၌စိတ်တည်တည်ငြိမ်ငြိမ်ရှိ၍မိမိကိုယ်ကိုစိတ်ချသည့်အချိန်၌ဖြစ်ပြီး၊ လိင်မဆက်ဆံခင်ကလေးတွင်သာ ပြောရန် မဟုတ်ပါ။ သင့်လိင်ဖက်က သင့်၏ဖြောင့်မတ်မှုနှင့်သူ့ကို ရောဂါမကူးစေလိုသည့်စေတနာကို တန်ဖိုးထားပါမည်။ သူတို့တွင် ဤရောဂါ ရှိနေလျှင် သင် ကိုယ်တိုင်လည်း သိဖို့အခွင့်အရေးရှိပါသည်။

## ဂိုနိုညောင်းကျ အချက်အလက်ကို ဘယ်မှာ နောက်ထပ်ရနိုင်မလဲ။

ထပ်ဆင့်အချက်အလက်များအတွက် ဆက်သွယ်ပါ

- သင့်အထွေထွေရောဂါကုဆရာဝန်၊ သို့မဟုတ် သင့်အကြိုက်ဆရာဝန်
- တိုက်ရိုက်ကျန်းမာရေး ဩစတြေးလျား (***healthdirect Australia***)
  ☎ 1800 022 222
- **Sexual Health Helpline** လိင် ကျန်းမာရေး အကူ ဖုန်း လိုင်း
  ☎ 9227 6178 (မြို့တွင်းဖုန်းခေါ်သူများအတွက်) သို့မဟုတ်
  ☎ 1800 198 205 (နယ်စွန်ဖုန်းခေါ်သူများ - အခမဲ့ဖုန်း ပြော ခြင်း ကို အိမ်ဖုန်းမှသာလျှင်ရရှိမည်)

မသန်စွမ်းချွတ်ယွင်းမှုရှိသူတစ်ဦးအတွက် ဤစာတမ်းကို အခြားပုံစံဖြင့် တောင်းဆိုလျှင် ရရှိနိုင်ပါသည်။

ကူးစက်တတ်သောရောဂါ ထိန်းချုပ်ရေး ညွှန်ကြားရေးမှူး ၊ ကျန်းမာရေးဌာန၊ အနောက်ဩစတြေးလျား 2013 မှထုတ်လုပ်သည်။

HP012467 FEB'13 BURMESE